# စစ်ရှောင်ပြည်သူအမျိုးသား(၃)ဦးအားလည်လှီးသတ်ဖြတ်ခဲ့ပြီး ကိုယ်ဝန်ဆောင်အမျိုးသမီး(၁)ဦးအားအဓမ္မပြုကျင့်ကာ လည်ပင်းလှီးသတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်

အကြမ်းဖက်စစ်အုပ်စု၊အင်အား(၁၀၀)ခန့်ရှိ **တပ်မ(၃၃)** သည် စစ်ကိုင်းတိုင်း၊ဝက်လက်မြို့နယ်၊ ကျီးကန်မြောက်ရွာနှင့် တောင်ရွာသို့ ဝင်ရောက်ခဲ့ကြပြီး ပြည်သူပိုင် ပစ္စည်းများအား ယူဆောင်ခဲ့ကြပြီး အရပ်သားပြည်သူများအားသတ်ဖြတ်ခဲ့။

၂၅-၂၆ ၊ ဩဂုတ်လ၊၂၀၂၃ ခုနှစ်

အကြမ်းဖက်စစ်အုပ်စု စစ်သားများ၏ အဓမ္မပြုကျင့်ခြင်းခံရပြီး လည်ပင်းလှီးသတ်ဖြတ်ခံရသည့် မနှင်းဆီ(အမည်လွှဲ)၏ ရုပ်အလောင်း မှတ်တမ်းဓာတ်ပုံ



လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနကတင်ပြသည်

## ဩဂုတ်လ (၂၅)ရက် နေ့တွင်

စစ်ကိုင်းမြို့နယ်၊ဆားတောင်ကျေး ရွာမြောက်ဘက်ရှိ သိမ်ကျောင်းဘက်တွင် စစ်ကြောင်းထိုးနေသော အကြမ်းဖက်စစ်အုပ်စု၊တပ်မ (၃၃)၊အင်အား ၁၀၀ခန့်ရှိ စစ်ကြောင်းသည် ဝက်လက် မြို့နယ်,အနောက်ခြမ်း. မင်္ဂလာရေစင်ကျေးရွာ မှတဆင့် ရွာသာကြီးရွာ၌ တပ်စွဲခဲ့။

## ဩဂုတ်လ (၂၆) ရက်နေ့တွင်

ရွာသာကြီးမှ မနက် (၄)နာရီခွဲခန့်တွင် မြောက်ဘက်အရပ်သို့ထွက်ခွာ ပြီးကျီးကန်မြောက်ရွာသို့ ဝင်ကာ ပြည်သူ (၂)ဦးထံမှ ငွေ ၅၁၅ သိန်း၊ နောက်ထပ် ပြည်သူ(၁)ဦးထံမှ ငွေ(၄) သိန်း၊ဆွဲကြိုး (၁)ကုံးနှင့် ပြည်သူများထံမှ ဖုန်း အလုံး(၂၀) ထက် မနည်းလုယူခဲ့ကြ။

## ထို့နောက်ကျီးကန် တောင်ရွာနှင့် မြောက်ရွာကြားစစ်ဘေး ရှောင်နေသော

ဒေသခံအရပ်သား (၃)ဦးနှင့် အမျိုးသမီး(၁)ဦးအား မနက် (၅)နာရီခန့်တွင်ဖမ်းဆီး ခေါ်ဆောင်ကာ အမျိုးသား(၃)ဦးအား ကျီးကန်မြောက်ရွာနှင့် တောင်ရွာကြားရှိ သရက်ခြံထဲတွင် ရက်စက်စွာ လည်လှီး သတ်ဖြတ်ခဲ့ပြီး

## အမျိုးသမီး ဖြစ်သူကိုလည်း အဓမ္မပြု ကျင့်ရုံသာမက လည်ပင်းလှီး သတ်ဖြတ်ကာ

**မအင်္ဂါထဲသို့ ရိုင်ရယ်-ဒီ (Royal-D) အချို ရည်ဗူးထိုးထွင်းထားခဲ့။**

သတ်ဖြတ်ခံရသူထဲမှ ကိုနိုင်လင်းဆိုသူမှာ စိတ်ကျန်းမာရေးချို့ယွင်းသူ တဦးဖြစ်ကြောင်းသိရ။ ထို့နောက် အကြမ်းဖက်အုပ်စု သည်လှုတောရွာထဲသို့ ဝင်ရောက်ခဲ့။ ဩဂုတ်လ (၂၇)ရက် မနက် (၅)နာရီခန့်တွင် လှုတောရွာ အရှေ့ဘက်သို့ ထွက်ခွါ ခဲ့ကြ ပြီး ပင်းဇင်းကျေးရွာ ထဲသို့ လက်နက်ကြီး/cယ်များဖြင့် ပစ်ခတ်။

ထို့နောက်ဝက်လက်မြို့ထဲသို့ ဝင်ရောက်သွားခဲ့ကြောင်း သိရ။

# အကြမ်းဖက်စစ်အုပ်စု၏ လည်လှီးသတ်ဖြတ်မှုကြောင့် သေဆုံးသူများစာရင်း

| စဉ် | အမည် | အသက် | အဘအမည် | လိင် | ကျေးရွာအမည် |
|---|---|---|---|---|---|
| ၁။ | ဦးနိုင်လင်း (စိတ်ကျန်းမာရေး ချို့ယွင်းသူ) | ၃၇ | ဦးထွန်း | ကျား | ကြီးကန်တောင်ရွာ |
| ၂။ | ဦးဟန်ရွှေ | ၅၆ | ဦးသာဒင် | ကျား | ကြီးကန်မြောက်ရွာ |
| ၃။ | ဦးတင်ဆန်း | ၅၅ | ဦးအောင်ရ | ကျား | ကြီးကန်မြောက်ရွာ |
| ၄။ | မနှင်းဆီ (အမည်လွှဲ) ကိုယ်ဝန်ဆောင် အမျိုးသမီး | ၂၀ | ဦးတင်ဆန်း | မ | ကြီးကန်မြောက်ရွာ |

**အသတ်ခံရသူများမှာတောင်ယာလုပ်ကိုင်သူပြည်သူများ ဖြစ်ကြောင်းသိရှိရ။**

# အကြမ်းဖက်စစ်အုပ်စုကြောင့်သေဆုံးသည့်ပြည်သူများ၏ သက်သေမှတ်တမ်းဓာတ်ပုံများ








# WAR CRIMES





# OF JUNTA

ရရှိထားသောအချက်အလက်များနှင့် ဓာတ်ပုံမှတ်တမ်းများသည် မြေပြင်မှပေးပို့သည့်အချက်အလက်များအား တင်ပြခြင်းဖြစ်ပါသည်။